UNHCR
The UN Refugee Agency

**THAILAND**

17 - 30 May 2016

# MEDIA MONITORING REPORT # 148

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### NCA လက်မှတ်ရေးထိုးသူများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

Mizzima, 20 May 2016

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(EAOs) (၈)ဖွဲ့မှ ခေါင်းဆောင်များသည် နိုင်ငံရေးတည်ဆောက်နိုင်မှု အလုပ်ရုံအစည်းအဝေးကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ မေလ (၁၈)ရက်မှ (၂၂) ရက်အတွင်း ကျင်းပလျှက်ရှိသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း တစ်ဖွဲ့စီမှ ခေါင်းဆောင်ငါးဦးစီ အပါအဝင် စုစုပေါင်း အယောက်(၄၁)နှင့်အတူ အခြား လူမှုအဖွဲ့အစည်းများနှင့် အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်လာကြသည်။

"ဒီနိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲမှာ ကျွန်တော်တို့ အဓိကခေါင်းစဉ်(၅)ခုကို ဆွေးနွေးမှာပါ။ နိုင်ငံရေး၊ လူမှုရေး ၊ လုံခြုံရေး ၊ သဘာဝသံယံဇာတအရင်းအမြစ်တွေနဲ့ သဘာဝပတ်ဝန်းကျင် ၊ ပညာရေး စသည်ဖြင့် အဓိကခေါင်းစဉ်တွေကို ဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ အရင်က ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက ရရှိတဲ့ အတွေ့အကြုံတွေအပေါ် အခြေခံပြီး ဆွေးနွေးသွားမှာပါ "ဟု ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း(PNLO)မှ ဥက္ကဋ္ဌဖြစ်သူ ဦးခွန်မြင့်ထွန်းက ပြောပြခဲ့သည်။

၎င်းအဓိက ခေါင်းစဉ်(၅)ခုအား ယခင်ကပင် ဇန်နဝါရီလ(၁၂)ရက်နေ့၌ ယခင်ဦးသိန်းစိန်အစိုးရ ခေါင်းဆောင်သော အစိုးရအဖွဲ့လက်အောက်၌ ကျင်းပသော ပထမဦးဆုံးပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် အမျိုးမျိုးသောအဖွဲ့များ မှ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**Link:** http://mizzima.com/news-domestic/nca-signatory-groups-hold-workshop

### KNU နှင့် ကရင်လူမှု အဖွဲ့အစည်းများမှ တိုင်းရင်းသားရေးရာမူဝါဒ(မူကြမ်း)များကို သုံးသပ်ဆွေးနွေး

Karen News, 22 May 2016

နိုင်ငံရေးဆွေးနွေးပွဲများတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ရေးဆွဲထားသည့် တိုင်းရင်းသားရေးရာ မူဝါဒ(မူကြမ်းများ)အား သုံးသပ် ဆွေးနွေးရန်အတွက် ကရင်တိုင်းရင်းသားလူမျိုးများရေးရာစင်တာ(ENAC) မှ ကရင်နိုင်ငံရေးအဖွဲ့အစည်းများ၊ အရပ်သားအဖွဲ့အစည်းများနှင့်အတူ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့သည်။



မဲဆောက်မြို့၌ မေလ(၁၂)ရက်နေ့တွင် ကျင်းပသော အစည်းအဝေးကို ကရင်အမျိုးသားအစည်းအရုံးနှင့် လူထုအခြေစိုက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးအတွင်း ရေးဆွဲထားခဲ့သည့် တိုင်းရင်းသားရေးရာ မူဝါဒ(မူကြမ်း)ရှိ အချက်(၉)ချက်အပေါ် အဓိကထား အခြေခံကာ ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ဖက်ဒရယ် ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးအတွက်ပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲများ၌ အထောက်အကူပြုစေရန်ဖြစ်သည်။

ဤအစည်းအဝေးသည် တိုင်းရင်းသားအဖွဲ့အစည်းများ ရေးဆွဲထားသည့် မူကြမ်းများအပေါ် တိုင်းရင်းသားများ၏ ဘုံလိုလားချက်တစ်ခုရရှိလာရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ENAC မှ ပရိုဂရမ်မန်နေဂျာဖြစ်သူ ကိုယောထုန်က ကေအိုင်စီသို့ယခုလိုပြောပြခဲ့သည်။

"ဒီမူကြမ်းက အားလုံးပါဝင်နိုင်ရေးမူကို အခြေခံပြီး တိုင်းရင်းသားအားလုံး (လက်မှတ်ထိုးတဲ့အဖွဲ့ရော မထိုးတဲ့အဖွဲ့ရဲ့) ဘုံလိုလားချက်တွေ ပါဝင်လာအောင် လုပ်ဆောင်ခြင်းဖြစ်တယ်။ လာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဒီမူဝါဒတွေဟာ တိုင်းရင်းသားတွေဘက်က ကိုင်ထားမယ့်မူဝါဒတွေဖြစ်ပြီး ဖွဲ့စည်းပုံမှာ ဒီမူဝါဒတွေ ပါသွားဖို့ဖြစ်တယ် " ဟု ၎င်းကပြောသည်။

တိုင်းရင်းသားများဘက်မှ ရေးဆွဲထားသည့် ယင်းမူဝါဒကြမ်းများသည် ၂၀၁၄ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)၊ မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေးပါတီများ ၊တိုင်းရင်းသားလူထုအခြေပြု အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ စသည်တို့မှ ရေးဆွဲခဲ့သည်။

မူကြမ်းတွင် ကျန်းမာရေး၊ ပညာရေး ၊ မြေယာပိုင်ဆိုင်မှု၊ သဘာဝသံယံဇာတ၊ စိုက်ပျိုးရေး ၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများ(IDPs) ၊ ဒုက္ခသည်ရေးရာများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ အခွန်ကောက်ခံခြင်းများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ စသည်တို့ပါဝင်သည်။

အစည်းအဝေးကို မဲဆောက်မြို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး KNU အပါအဝင် ကရင်အမျိုးသမီးအစည်းအရုံး(KWO)၊ ကရင်လူငယ်အစည်းအရုံး(KYO)၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ ကရင်လူထုအတွက် ကော်မတီ(CIDKP) ၊ ကရင်ကျောင်းသားကွန်ယက်အဖွဲ့(KSNG) ၊ ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) ၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအသင်း(BPHWT) ၊ မြန်မာ့ဆေးဝါးအသင်း(BMA)၊ မယ်တော်ဆေးပေးခန်း(MTC)၊ ကရင့်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန(KDHW) ၊ ပြည်ထောင်စုကော်သူးလေကုန်သွယ်ရေးအဖွဲ့ချုပ်(FTUK) ၊ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလှုပ်ရှားဆောင်ရွက်မှုကွန်ရက်(KESAN) ၊ ကရင်ပညာရေးဌာန(KED)၊ ကရင်ဒုက္ခသည်ကော်မတီ(KRC) စသည်တို့မှ ကိုယ်စားလှယ်များက တစ်ဖွဲ့ချင်းစီ အဖွဲ့ခွဲကာ သုံးသပ်၊ ဆွေးနွေး ဖြည့်စွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

**Link:** http://karennews.org/2016/05/knu-and-karen-community-groups-work-to-draft-ethnic-affairs-policies.html/

## ၂၁ရာစု ပင်လုံညီလာခံအား ဇူလိုင်လနှောင်းပိုင်းတွင် ကျင်းပရန် လျာထား

The Irrawaddy, 20 May 2016

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးအတွက် ပင်လုံညီလာခံအား ဇူလိုင်လနှောင်းပိုင်းတွင် ကျင်းပနိုင်ရန် မျှော်မှန်းထားသည်ဟု နီးစပ်သည့် သတင်းအရင်းအမြစ်များထံမှ သိရှိရသည်။




၂၁ရာစု ပင်လုံညီလာခံ ခေါ်ဆိုနိုင်ရေး ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန်အတွက် အစိုးရကော်မတီသည် မြန်မာနိုင်ငံ၏ ယခင်အစိုးရနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ဖြစ်သည့် ငြိမ်းချမ်းရေးစာချုပ်ကို ၂၀၁၅ခုနှစ်၌ လက်မှတ်ရေးထိုးခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့်အတူ ကြာသာပတေးနေ့၌ မြန်မာ့ငြိမ်းချမ်းရေး စင်တာရုံးတွင် တွေ့ဆုံခဲ့သည်။

"ကော်မတီက သူတို့အနေနဲ့ ဇူလိုင်လကုန်ပိုင်းလောက်မှာ ညီလာခံ ကျင်းပချင်တယ်လို့ ရှင်းပြပါတယ်" ဟု ပအိုဝ့်အမျိုးသား လွတ်မြောက်ရေး အစည်းအရုံးမှ ဥက္ကဋ္ဌဖြစ်သူ ခွန်ထွန်းဦးက ဧရာဝတီသို့ ပြောပြခဲ့သည်။

ညီလာခံအတွက် မူဘောင်ကို ယခင်အစိုးရမှ ရေးဆွဲခဲ့သည့် နိုင်ငံရေး ဆွေးနွေးမှုများအပေါ် မူတည်၍ တည်ဆောက်ရန် မျှော်မှန်းထားသည်ဟု NCA လက်မှတ်ရေးထိုးသူများက ဆိုလိုက်သည်။ သို့သော်လည်း ကော်မတီသည် NCA လက်မှတ်မထိုးသည့် အဖွဲ့(၁၃)ဖွဲ့ကိုလည်း ညီလာခံအတွက် အစီအစဉ်ရေးဆွဲရာတွင် အတူတကွပါဝင် ရေးဆွဲနိုင်ရန်အတွက် ဖိတ်ကြားသွားမည်ဟု NCA လက်မှတ်ရေးထိုးသူများက ပြောကြားခဲ့သည်။

**Link**: http://www.irrawaddy.com/burma/21st-century-panglong-conference-set-late-july.html

## ၂၁ရာစု ပင်လုံညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရန် UPDJC ကတိပေး

The Global New Light of Myanmar, 29 May 2016

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)သည် ၂၁ရာစု ပင်လုံညီလာခံ ကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ယမန်နေ့က ကတိပေး ပြောကြားခဲ့ပြီး ကိုယ်စားလှယ်(၁၆)ဦး ရွေ့ဆက်ထားရှိရန် သဘောတူညီခဲ့ကြသည်။



UPDJC အား အစိုးရဘက်မှ ကိုယ်စားလှယ်(၁၆)ဦး ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ (၁၆)ဦးနှင့် နိုင်ငံရေးပါတီများမှ(၁၀)ဦး စသည်တို့ဖြင့် ပြန်လည်ဖွဲ့စည်းရန် သဘောတူညီခဲ့သည်။

အစည်းအဝေး ပထမနေ့ဖြစ်သော သောကြာနေ့တွင် နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးပါတီများ ပါဝင်မှုတွင် ရွေးကောက်ပွဲ၌ အနည်းဆုံး ကိုယ်စားလှယ်တစ်ဦး အနိုင်ရရှိခဲ့သည့် ပါတီများမှသာ ငြိမ်းချမ်းရေးညီလာခံ တက်ရောက်ခွင့်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၁ရာစု ပင်လုံညီလာခံအား တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု (NCA) အပေါ်အခြေခံ၍ ကျင်းပသွားမည် ဖြစ်သည်ဟု ယမန်နေ့က နေပြည်တော်၌ ကျင်းပသည့် ကော်မတီ အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ခြင်းဖြစ်သည်၊ ထို့ကြောင့်UPDJC သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ချိန်အတွင်း တက်တက်ကြွကြွပါဝင်နေဆဲဖြစ်သည်။

**Link:** https://issuu.com/myanmarnewspaper/docs/29_may_16_gnlm

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ကျေးရွာ(၅)ထောင်ကျော် လျှပ်စစ်မီးရရှိနိုင်ရေး ကူညီရန် ကမ္ဘာ့ဘဏ်မှ ချေးငွေထုတ်ပေး

The Global New Light of Myanmar, 19 May 2016

ဘဏ္ဍာနှစ်(၂)နှစ်အတွင်း မြန်မာနိုင်ငံတဝှမ်းရှိ ကျေးရွာ(၅)ထောင်ကျော်အား လျှပ်စစ်မီး ပေးနိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအား ကမ္ဘာ့ဘဏ်မှ ချေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း လက်ထောက်အင်ဂျင်နီယာ ဦးသူရအောင်ဘိုက ဗုဒ္ဓဟူးနေ့၌ နေပြည်တော်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာနမှ လက်ရှိလျှပ်စစ်မီး မရရှိသည့် ကျေးရွာများအား ပင်မ လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် ဆက်ထားသော ဓာတ်အားလိုင်း ကွန်ရက်နှင့် ချိတ်ဆက်ပေးရန် အစီအစဉ်နှင့် ပတ်သတ်၍ အသေးစိတ် ရှင်းလင်း ပြောကြားခဲ့သည်၊ ယင်းကျေးရွာများ လျှပ်စစ်မီးမရရှိခြင်းမှာ ဝေးလံသောနေရာဒေသများတွင် တည်ရှိသောကြောင့်ဖြစ်ပြီး ပါဝါ တာဝါတိုင်စနစ်နှင့် ဝေးကွာလွန်းစွာ တည်ရှိခြင်းကြောင့်ဖြစ်သည်ဟု လက်ထောက်အင်ဂျင်နီယာက ရှင်းပြခဲ့သည်။

"ဒီရွာတွေကို ဓာတ်အားလိုင်းကွန်ရက်နဲ့ နှစ်မိုင်ကျော်ကျော် အကွာအဝေးမှာထားဖို့ သတ်မှတ်ထားပါတယ် " ဟု ဦးသူရအောင်ဘိုက ပြောခဲ့သည်။

ကမ္ဘာ့ဘဏ်မှ ကျေးလက်အိမ်ထောင်စုများကို အကူအညီ ပေးနိုင်ရန်အတွက် နိုင်ငံအား ပြီးခဲ့သည့် ဒီဇင်ဘာလတွင်ချေးငွေ ယူအက်စ်ဒေါ်လာ သန်း(၃၀၀) ချေးခွင့် ပြုခဲ့သည်။

၂၀၂၀ခုနှစ်အထိ နိုင်ငံတဝှမ်း ကျေးလက်ဒေသ လျှပ်စစ်မီးရရှိနိုင်ရေး ငါးနှစ်တာစီမံချက်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယူအက်စ်ဒေါ်လာ သန်း(၆၇၀) လိုအပ်မည် ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

ဝန်ကြီးဌာနမှ ၂၀၃၀ခုနှစ်တွင် တစ်နိုင်ငံလုံးအနှံ့ လျှပ်စစ်မီးရရှိမှု (၉၉)ရာခိုင်နှုန်း တိုးလာရန် မျှော်မှန်းထားသည်။

**Link:** http://globalnewlightofmyanmar.com/world-bank-loans-to-help-over-5000-villages-receive-electricity/

### ADB နှင့် အစိုးရမှ မွန်ပြည်နယ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် ဒေါ်လာ(၃)သန်း ပေးအပ်

Mon News Agency, 21 May 2016

မွန်ပြည်နယ်၌ ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်ဆန်းသစ်လာစေရန်အတွက် အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် အစိုးရမှ ယူအက်စ်ဒေါ်လာ(၃)သန်း ခွင့်ပြုကြောင်း သဘောတူစာချုပ်ကို ကြာသာပတေးနေ့(မေလ၁၇ရက်)နေ့တွင် လက်မှတ် ရေးထိုးခဲ့သည် ဟုအာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)က ပြောကြားခဲ့သည်။




လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နိုင်ငံ၏မြို့တော် နေပြည်တော်၌ ကျင်းပခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင် ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမောင်

မောင်ဝင်း နှင့်  ADB မှ Country Director ဖြစ်သူ Winfried Wicklein အပါအဝင် ADB နှင့်အစိုးရ၏ သက်ဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက် လက်မှတ်ရေးထိုးခဲ့သည်။

“ခွင့်ပြုငွေက အသေးစားနဲ့ အငယ်စား လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပံ့ပိုးကူညီပေးဖို့ပဲ ဖြစ်ပါတယ်။ အမျိုးသမီးများက လက်မှုပစ္စည်းများနဲ့ ဒေသထွက် အစားအစာတွေကို ချောင်းဆုံကျွန်း ၊ ကျိုက်ထီးရိုး၊ မော်လမြိုင်နဲ့ မုဒုံ တို့မှာရှိတဲ့ မြို့နယ်တွေက ကမ္ဘာလှည့် ခရီးသွားတွေနဲ့ ဒေသတွင်း နေထိုင်သူတွေဆီကို ရောင်းချပေးတာတွေ အပါအဝင် ဆင်းရဲ မွဲတေမှု အတွက် အလုပ်အကိုင်နဲ့ စီးပွားရေး အခွင့်အလမ်းတွေ တိုးလာစေမယ့် အကျိုးရလဒ်တွေ ရရှိလာပါမယ် ” ဟု ADB မှ Country Director ဖြစ်သူ Mr. Winfried Wicklein ကပြောကြားခဲ့သည်။

ADB ၏ ပြောကြားချက်အရ ခွင့်ပြုငွေသည် ပြည်နယ်နှင့်အတူ အသေးစားနှင့် အငယ်စား ကမ္ဘာလှည့်ခရီးသွားအခြေစိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း မှနေ၍ ကောင်းမွန်ပြီး တာရှည်ခံသော စီးပွားရေးလုပ်ငန်းများ တည်ဆောက်ခြင်း မှတဆင့် အိမ်ထောင်စုများ၏ ဆင်းရဲမွဲတေမှုကို လျော့ချနိုင်ရန် ရည်ရွယ်သည်။

ဒေါ်လာ(၃)သန်း စီမံကိန်းခွင့်ပြုငွေသည် နည်းပညာပိုင်းနှင့် အခြေခံကျွမ်းကျင်မှု သင်တန်းများကို ပံ့ပိုးပေးမည်ဖြစ်သည်။ သင်တန်းတွင် စီးပွားရေး စီမံခန့်ခွဲမှုပညာ၊ ငွေကြေးနှင့် နည်းပညာ ၊ ဈေးကွက်ဖော်ထုတ်ခြင်းနှင့် လက်ခံရရှိခြင်း စသည်တို့ကို သင်တန်းပေးမည် ဖြစ်သည်။

ယခု လက်မှတ်ရေးထိုးခဲ့သည့် ခွင့်ပြုငွေ ဒေါ်လာ(၃)သန်းသည် ဆင်းရဲမွဲတေမှု လျော့ချရေးအတွက် ဂျပန်ကျောထောက်နောက်ခံ ဂျပန်ငွေကြေးရန်ပုံငွေအဖွဲ့(JFPR)ထံမှ ဖြစ်သော်လည်း ADBက စီမံခန့်ခွဲသည်။ ထို့ပြင် မွန်ပြည်နယ်ရှိ ထိုစီမံကိန်းအပြင် JFPR သည် နိုင်ငံတဝှမ်းရှိ နေရာဒေသများ၏ ပညာရေး၊ အသက်မွေးမှု ဖွံ့ဖြိုးတက်မှုများ၊ ငွေရေးကြေးရေး ၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး စသည်တို့ကို လုပ်ဆောင်နေသော စီမံကိန်း (၁၆)ခုအတွက် ငွေကြေးများ ပံ့ပိုးကူညီပေးခဲ့သည်။

**Link:** http://monnews.org/2016/05/21/adb-govt-inject-3-million-mon-state-tourism-industry/

## ဘားအံ၌ မသန်စွမ်းသူများအတွက် ပထမဦးဆုံးအကြိမ် အားကစားပြိုင်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပ

Karen News, 22 May 2016

ကရင်ပြည်နယ်၊ ဘားအံမြို့၌ ပထမဦးဆုံးအကြိမ်အဖြစ် မသန်စွမ်းသူများ အတွက် အားကစားပြိုင်ပွဲတစ်ရပ်ကို မေက(၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြိုင်ပွဲ၏ရည်ရွယ်ချက်မှာ မသန်စွမ်းသူများ၏တန်ဖိုးကို လူမှုအသိုင်းအဝိုင်းက ဂရုပြုလာစေဖို့အတွက် တိုက်တွန်းအားပေးရန်ဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သူများက ပြောဆိုလိုက်သည်။




မြန်မာ့ကြက်ခြေနီအဖွဲ့အစည်း၊ ဩစတေးလျကြက်ခြေနီအဖွဲ့အစည်းနှင့် ကရင်မသန်မစွမ်းအားကစားကော်မတီစသည်တို့မှ ကရင်ပြည်နယ်၏ မြို့တော် ဖြစ်သော ဘားအံမြို့၌ မသန်စွမ်းသူများအတွက် အားကစားပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပရန် အတူတကွ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။

ပြိုင်ပွဲစီစဉ်သူတစ်ဦးလည်းဖြစ်သူ မြန်မာနိုင်ငံ ခြေတုလက်တုဆိုင်ရာ ရုံးခွဲမန်နေဂျာ နန်းကျော့ကေသီအောင်က ကရင်သတင်းစဉ်သို့ အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ကျွန်မတို့မြန်မာနိုင်ငံမှာ မသန်စွမ်း ဘီးတပ်ဘတ်စကတ်ဘော အမျိုးသား လက်ရွေးစင်တစ်သင်းပဲ ရှိ ပါသေးတယ်။ ကရင်ပြည်နယ် အသင်းက မြန်မာပြည်မှာ ဆိုရင် ဒုတိယမြောက် အသင်းပါ ။ ဒါကြောင့် ကရင်ပြည်နယ်မှာ မသန်စွမ်းသူတွေ အတွက် သူတို့ မသန်စွမ်း ဖြစ်နေပေမယ့်လည်း သူတို့ အများအပြားလုပ်ဆောင်နိုင်တယ်

ဆိုတာ သူတို့ကို ပေးသိစေဖို့နဲ့ ပိုမို ကောင်းမွန်စွာ ကစားနိုင်ဖို့ အတွက်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ အနေနဲ့သူတို့ ကို တိုက်တွန်း အားပေးဖို့ ရည်ရွယ်ပါတယ်။”

ပြိုင်ပွဲသို့ မသန်စွမ်း အားကစားသမား (၅၀)ဦးကျော်တို့က မသန်စွမ်း ဘီးတပ် ကုလားထိုင် ဘတ်စကတ်ဘော ပြိုင်ပွဲ ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက် ပြိုင်ပွဲနှင့် ခြင်းလုံးပြိုင်ပွဲ စသည်တို့ ယှဉ်ပြိုင် ကစားခြင်းဖြင့် ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ဟု ပြိုင်ပွဲစီစဉ်သူများက ပြောပြခဲ့သည်။ မသန်စွမ်း ကလေးငယ်များ အတွက် အားကစားပြိုင်ပွဲကိုလည်း ကျင်းပပေးခဲ့ပြီး ဆုရရှိသည့် ကစားသမားများကို ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ဆုများ ချီးမြှင့်ပေးခဲ့သည်။

ကရင်ပြည်နယ် အတွင်းရှိ မသန်စွမ်း ကလေးငယ်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးရန် ရည်ရွယ်၍ ကရင်ပြည်နယ် မသန်မစွမ်း အားကစား ကော်မတီကို ၂၀၁၄ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

**Link:** http://karennews.org/2016/05/organisers-hail-first-disabled-sport-competition-held-in-hpa-an-a-success.html/

## FDB ဘဏ်မှ သထုံခရိုင်ရှိ လယ်သမားများအတွက် ချေးငွေသတ်မှတ်နှုန်း တိုးပေး

The Global New Light of Myanmar, 30 May 2016

ခရိုင်အဆင့် လယ်သမားများ ဖွံ့ဖြိုးတက်ရေးဘဏ်(FDB)သည် မွန်ပြည်နယ် ၊သထုံခရိုင်ရှိ လယ်သမားများထံ မှတ်သုံရာသီတွင် စပါးစိုက်ပျိုးရာ၌ ကုန်ကျစရိတ် ကာမိစေရန်အတွက် ချေးငွေ ကျပ်သန်း(၂၅၀၀) ထုတ်ပေးခဲ့သည်ဟု ဘဏ်က အသိပေး ပြောကြားခဲ့သည်။

မှတ်သုံစပါး စိုက်ပျိုးရေး ချေးငွေများ ထုတ်ပေးခြင်းကို မေလ(၁၉)ရက်နေ့တွင် စတင်မည်ဖြစ်သည်၊ လယ်သမားအများစု ဆယ်ဧကအထက် ချေးငွေများ ထုတ်ပေးရန် တောင်းဆိုကြသည်။ ချေးငွေများအား ဇွန်လကုန်ထိ တိုင်အောင် ဆက်လက် ထုတ်ပေးမည်ဖြစ်သည်။

ချေးငွေများ ပြန်ဆပ်ရမည့် ကာလသည် လယ်သမားများ စပါးရိတ်သိမ်းသည့် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလမှ စတင်ကာ ပြန်လည်ဆပ်ရမည်ဖြစ်သည်၊ ဘဏ်မှ အချိန်ကို မတ်လကုန်ပိုင်းထိ နောက်ဆုံးထား သတ်မှတ်ထားသည်။

“ဒီနှစ်မှာ ကျွန်တော်တို့ အဆင်ပြေမှာပါ ၊ ဘာကြောင့်လဲဆိုတော့ သူတို့က ကျွန်တော်တို့ကို တစ်ဧကကိုငွေတစ်သိန်းခွဲ ထုတ်ပေးတယ်လေ။ ခုမိုးလေဝသမှန်ဖို့ပဲ လိုတော့တယ်။ အတိုးနှုန်းကတော့ (၅)ရာခိုင်နှုန်းကနေ (၈)ရာခိုင်နှုန်းအထိ ဆိုပေမယ့် အရမ်းအကောင်းကြီးတော့ မဟုတ်သေးပါဘူး ။ ကိုယ်ပိုင်ငွေထုတ်ချေးစားတဲ့ သူတွေဆီကထက်စာရင်တော့ အများကြီး အတိုးသက်သာတာပေါ့ ” ဟု သထုံမြို့နယ်မှ လယ်သမားတစ်ဦးဖြစ်သူ ဦးစောသိန်းက ပြောခဲ့သည်။

သထုံခရိုင်ရှိ မြို့နယ်လေးမြို့နယ်တွင် ခန့်မှန်းခြေအားဖြင့် လယ်သမားဦးရေ (၂၁၀၀၀)နီးပါးရှိပြီး ထွန်ယက်သည့်လယ်မြေဧက (၁၇၁၀၀၀)ရှိကာ စုစုပေါင်းချေးငွေကျပ်သန်း(၂၅၆၉) ထုတ်ပေးမည်ဖြစ်သည်။ မွန်ပြည်နယ် တစ်ခုလုံးအတွက် ချေးငွေကျပ်သန်း(၄၀၀၀)ထုတ် ပေးမည်ဖြစ်သည်။

**Link:** https://issuu.com/myanmarnewspaper/docs/30_may_16_gnlm

## ရက် ၁၀၀စီမံချက်ဖြင့် ပြည်နယ်အစိုးရက နိုင်သားကဒ်နှင့် သန်းခေါင်စာရင်း နေ့ချင်းပြီး ပြုလုပ်ပေးနေ

KIC, 26 May 2016

လူထုအကျိုးပြု ရက်၁၀၀စီမံချက်အရ ပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်စလုံးတွင် ပြည်နယ်အစိုးရက နိုင်ငံသားစိစစ်ရေးကဒ်ပြား(မှတ်ပုံတင်)နှင့် သန်းခေါင်စာရင်းများကို ကျေးရွာများသို့ နေ့ချင်းပြီး ကွင်းဆင်း လုပ်ကိုင်ပေးနေကြောင်း ပြည်နယ်လူထုလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းရွှေက ကေအိုင်စီသို့ မေလ(၂၅)ရက်နေ့က ပြောသည်။




"အစိုးရရဲ့ ရက်၁၀၀စီမံချက်အနေနဲ့ပေ့ါ။ ကျွန်တော်တို့ ဌာနက အခု မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်း/ယာယီ သန်းခေါင်စာရင်းတွေကို ကျေးနယ်တွေက ရပ်ရွာအုပ်ချုပ်ရေးမှူးတွေ တင်ပြလာတဲ့ လူဦးရေ ၊အိမ်ထောင်စု အချက်အလက်တွေအပေါ်မှာ အခြေခံပြီး NCR အဖွဲ့တွေနဲ့ ပူးပေါင်းလုပ်တာပါ ။ တခါတည်းသွေးစစ်၊ တစ်ခါတည်း အချက်အလက်တွေ ရေးသွင်းဖြည့်စွက်ပြီး နေ့ချင်းပြီး လိုက်လံဆောင်ရွက်ပေးနေပါတယ် " ဟု ဦးစန်းရွှေက ပြောသည်။

ထိုသို့နေ့ချင်းပြီး ဆောင်ရွက်ရာတွင် (၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကဒ်ထုတ်ပေးခြင်း ၊ သန်းခေါင်စာရင်း ထုတ်ပေးခြင်းနှင့် မိသားစုဝင် အတိုးအလျှော့ ပြုလုပ်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် ယာယီသန်းခေါင်စာရင်းထုတ်ပေးခြင်းများ ပါဝင်သည်ဟု ပြည်နယ်လဝက ထံမှသိရသည်။

ဘားအံမြို့နယ်၊ ကော့လမုကျေးရွာသား ကိုနိုင်ထွန်းက "မှတ်ပုံတင်လာလုပ်တာပါ ။ လိုအပ်တဲ့ပုံစံတွေဖြည့်ပြီး တင်ထားတယ်။ ဇယားတွေ ဖောင်ပုံစံတွေ ဖြည့်ရတယ်။ နေ့ချင်းပြီး လုပ်ပေးနေတယ်ကြားလို့ လာလုပ်တာ အဆင်ပြေပါတယ်။ အရင်တုန်းက မှတ်ပုံတင်လုပ်ရတာ မလွယ်ဘူးလေ။ အခုတော့ ရွာတွေဘက်လည်း နေ့ချင်းပြီး ဆင်းလုပ်ပေးနေတယ် " ဟု ကေအိုင်စီသို့ပြောသည်

အဆိုပါလုပ်ငန်းစဉ်ကို ရက် ၁၀၀စီမံချက်ဖြင့် ပြုလုပ်ပေးနေသည့်အတွက် ဒေသအလိုက်၊ ကျေးရွာအလိုက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ကာ လာရောက်လုပ်ကိုင်ကြရန်နှင့် မှတ်ပုံတင်၊ သန်းခေါင်စာရင်းများရှိသည့် ဒေသခံများအတွက် အရောင်းအဝယ် ပြုလုပ်ခြင်း၊ ခရီးသွားလာရေးတို့တွင် ပိုမိုအဆင်ပြေသွားမည်ဖြစ်သည်ဟု ဒု-လဝကမှူး ဒေါ်ခင်ညိုညိုထွန်းကလည်း ပြောသည်။

လက်ရှိ မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာနှင့် သံလွင်မြစ် အနောက်ဘက်ခြမ်းရှိ ကျေးရွာများ၊ ကော့ကရိတ်မြို့နယ် ၊ သံတောင်ကြီးမြို့နယ်ရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တင်ပြလာသည့် စာရင်းများအပေါ် အခြေခံကာ ပြည်နယ်လဝကမှ ယင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျှက်ရှိပြီး ငွေကြေးတစုံတရာ ကောက်ခံခြင်း မရှိကြောင်းသိရသည်။

နိုင်ငံသားစိစစ်ရေးကဒ်(မှတ်ပုံတင်)နှင့် သန်းခေါင်စာရင်းများ အခမဲ့ပြုလုပ်ပေးခြင်းကို မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု ပြည်နယ်လဝကမှူးက ပြောဆိုလိုက်သည်။
*(Unofficial translated by IMU – Mae Sot)*

**Link:** http://kicnews.org/2016/05/%E1%80%9B%E1%80%80%E1%80%B9-%E1%81%81%E1%81%80%E1%81%80%E1%80%85%E1%80%AE%E1%80%99%E1%80%B6%E1%80%81%E1%80%BA%E1%80%80%E1%80%B9%E1%80%BB%E1%80%96%E1%80%84%E1%80%B9%E1%80%B7-%E1%80%BB%E1%80%95%E1%80%8A/

## ဒီမိုကရေစီအရေး လှုပ်ရှားမှုကြောင့် နာမည်ပျက်စာရင်းသွင်းခံရသည့် ပြည်ပရောက် မြန်မာတွေ ပြန်ခွင့်ရရေး ဆောင်ရွက်ပေးမည်ဟု မြန်မာအစိုးရ ပြောကြား

Radio Free Asia, 26 May 2016

နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြည်ပရောက်သွားတဲ့ မြန်မာနိုင်ငံသားဟောင်းတွေ ပြည်တော်ပြန်နိုင်ရန် အစိုးရသစ်ရဲ့ ရက်ပေါင်း၁၀၀ ဆောင်ရွက်ချက်မှာ ထည့်သွင်းလုပ်ဆောင်သွားမယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ကြာသာပတေးနေ့တွင် ပြောကြားလိုက်သည်။

နေရပ်ပြန်လာမည့် သူများအား ၎င်းတို့နေထိုင်ခဲ့ဖူးသည့် နိုင်ငံအတွင်း၌ အခွင့်အရေးနှင့် ကာကွယ်မှု အပြည့်အ



ဝရရှိစေရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက လုပ်ဆောင်နေပြီး ၎င်းတို့အား နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး နာမည်ပျက်စာရင်းမှ ပယ်ဖျက် ပေးသွားမည် ဖြစ်ကြောင်း ဦးကျော်တင်က ပြောခဲ့သည်။

၁၉၈၈ခုနှစ် ဒီမိုကရေစီအရေးဆန္ဒပြမှု အရေးအခင်းတွင် အစိုးရမှ အကြမ်းဖက် အင်အားသုံးနှိမ်နင်းမှုကြောင့် ထောင်ပေါင်းများစွာသော မြန်မာကျောင်းသားများ၊ ယခင် နိုင်ငံရေးအကျဉ်းသားများနှင့် စစ်ပြေး ဒုက္ခသည်များသည် အမေရိကန်၊ ဥရောပနိုင်ငံများ၊ နယူးဇီလန် ၊ တောင်ကိုရီးယား ၊ စင်္ကာပူ နှင့် ဂျပန်နိုင်ငံစသည်တို့တွင် အခြေချနေထိုင်ကြသည်။

ထိုင်းနိုင်ငံတွင် နေထိုင်သော နိုင်အောင်သည်ဦးသိန်းစိန်အစိုးရလက်ထက်တွင် နာမည်ပျက်စာရင်း ထည့်သွင်းခံထားရခြင်းမှ ပယ်ဖျက်ပေးပြီးနောက်၂၀၁၂ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ထို့နောက် ၎င်းမှ အစိုးရက နာမည်ပျက်စာရင်း သွင်းထားသူများအား စာရင်းမှ ပယ်ဖျက်ပေးရန် အစိုးရထံ တိုက်တွန်းပေးဖို့ ကြိုးစားနေသည်။

“ကျွန်တော်တို့ နိုင်ငံကို ပြန်လာလို့ရအောင် ကြိုးစားနေပါတယ်။ ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရသစ် လက်အောက်မှာ ကျွန်တော်တို့ အလုပ်လုပ်ချင်ပါတယ် ”ဟု ၎င်းက RFA မြန်မာပိုင်းသို့ ပြောခဲ့သည်။ “၁၉၈၈ကတည်းက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အတွက် လုပ်ကိုင်ခဲ့ကြတဲ့သူတွေကို ပြန်လာခွင့်ပေးတဲ့ အကြံဉာဏ်က ကောင်းပါတယ်။”

**Link:** http://www.rfa.org/english/news/myanmar/myanmar-government-to-let-blacklisted-democracy-activists-return-from-exile-05262016150955.html

## ယခင်စစ်မြေပြင်အား ငြိမ်းချမ်းရေးဥယျာဉ် အဖြစ် ပြောင်းလဲရန် ဆွေးနွေး

Mizzima, 28 May 2016

မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်ရှိ ယခင်စစ်မြေပြင်အား သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အဖြစ် ပြုလုပ်ရန်ရည်ရွယ်ပြီး တောရိုင်းတိရိစ္ဆာန်များကို ကာကွယ်မည့် အမျိုးသားဥယျာဉ် အမျိုးအစားထဲတွင် ထည့်သွင်းရန်ရည်ရွယ်သည်။



ကရင်ပြည်နယ်ရှိ မုသရော်ခရိုင်၏ ဝေးလံခေါင်ဖျားသော နေရာတွင်ရှိသည့် ချောင်ကျသော တောင်ထူထပ်သည့် နေရာများအတွက် ဒေသတွင်းခေါင်းဆောင်များ၊ တိုင်းရင်းသားစစ်သားများနှင့် တက်ကြွလှုပ်ရှားသူများသည် မေလ(၂၂)မှ (၂၆)ရက်နေ့အထိ တိုင်ပင် ဆွေးနွေးခဲ့ကြပြီးနောက် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖာပွန်ဟုလည်းခေါ်တွင်သည့် မုသရော်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအတွင်း နယ်စပ်တလျှောက်တွင်သစ်တောဧရိယာ ထူထပ်စွာရှိသည့် ဒေသဖြစ်သည်။ အရှေ့အာရှတွင် ရေကာတာ မလုပ်သည့်အရှည်ဆုံးမြစ် ဖြစ်သည့် သံလွင်မြစ်သည် ထိုနယ်မြေကို ဖြတ်သန်း စီးဆင်းနေပြီး အာရှတွင် နောက်ဆုံး ကျန်ရှိသည့် တိုင်းရင်းမျိုးနွယ်စုအချို့နှင့် အန္တရယ်ဖြစ်စေသည့် မျိုးစိတ်များ ခိုလှုံနေသည်။ ကမ္ဘာပေါ်တွင် ပြည်တွင်းစစ် အရှည်ကြာဆုံးဖြစ်ပွားသည့် ဒေသလည်း ဖြစ်သည်၊ ယခုအခါ ထိရှလွယ်သည့် အပစ်အခတ်ရပ်စဲရေး လုပ်ထားသည်မှာ လေး

နှစ်ရှိပြီ ဖြစ်သည်။

တစ်ကမ္ဘာလုံးတွင် ငြိမ်းချမ်းရေး ဥယျာဉ် (၁၈၀)ကျော် ရှိနေပြီဖြစ်သဖြင့် ငြိမ်းချမ်းရေး ဥယျာဉ် တည်ဆောက်ရန် အကြံဉာဏ်သည် အသစ်အဆန်းတစ်ခုမဟုတ်တော့ပေ။ ငြိမ်းချမ်းရေးဥယျာဉ် ဆောက်လုပ်ရန် အကြံဉာဏ်သည် ကမ္ဘာတလွှားက ရည်ရွယ်ချက်များကို ပေါင်းစပ်ထားခြင်းဖြစ်သည်၊ ၎င်းတို့မှာ-ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်း ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု သံယံဇာတများကို ထိန်းသိမ်းခြင်း ၊ နှင့်လူထုအတွင်း ပဋိပက္ခဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်နိုင်ရန်နှင့် ပြန်လည်တည်ဆောက်နိုင်ရန် စသည်တို့ဖြစ်သည်။ သို့သော်လည်း KSNGမှ ငြိမ်းချမ်းရေးဥယျာဉ် ကော်မရှင်အား လေ့လာပြီးနောက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် သည် ထိုအမျိုးအစားများထဲမှတစ်ခုဖြစ်သည်။ ငြိမ်းချမ်းရေးဥယျာဉ် အများစုသည် ရည်ရွယ်ချက်လေးခုထဲမှ တစ်ခု(သို့မဟုတ်)နှစ်ခု ပါဝင်ကြသည်။ KESAN အဆိုအရ တမူထူးခြားသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ် ကို ပြုလုပ်ခြင်းဖြင့် ယင်းသည်ကမ္ဘာပေါ်တွင် ရည်ရွယ်ချက်လေးခုစလုံးပါဝင်သည့် ငြိမ်းချမ်းရေးပန်းခြံတစ်ခု ဖြစ်လာမည်ဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အတွက် ဆွေးနွေးတိုင်ပင်ပြီးနောက် သက်ကြီးဝါကြီးကောင်စီ၊ အတွင်းရေးမှူးအဖွဲ့နှင့်အလုပ်အမှုဆောင်ကော်မတီ စသည်တို့ကို ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးဥယျာဉ် အတွက် လုပ်ငန်းဆိုင်ရာမူဘောင်စာကြမ်းကို အတူတကွ ရေးဆွဲမည်ဖြစ်သည်၊ ၂၀၁၆တစ်နှစ်ပတ်လုံး ကော်မတီများနှင့်အတူ ဆက်လက်ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်သည်။ နောက်ထပ်ဆွေးနွေးမှုကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

**Link:** http://www.mizzima.com/news-domestic/%E2%80%98peace-park%E2%80%99-intends-turn-battlefield-refuge

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ကျေးလက်ဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက်ကျပ်သန်း၁၇၀ ကျော်ချထားပေး

Myintmakha News Agency, 17 May 2016

အစိုးရသစ်၏ ကနဦးရက်၁၀၀ စီမံချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီဒေသကြီး၌ ကျေးလက်လမ်းများနှင့် တံတားများ၏ အရည်အသွေး တိုးတက်လာစေရန်အတွက် ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘတ်ဂျတ်ကျပ်သန်းပေါင်း(၁၇၀)ကျော် ခွဲဝေချထားပေးခဲ့သည် ဟု ဒေသတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဌာန၏ အဆိုအရဖြစ်သည်။

"အစိုးရသစ်ရဲ့ ရက်၁၀၀စီမံချက်အနေနဲ့ ကျေးလက်ဒေသတွေမှာ ကျေးရွာလမ်းခင်းတာတွေနဲ့ တံတားတွေပြန်လည်ပြုပြင်တာတွေကို ပြီးစီးအောင် ကျွန်တော်လုပ်ဆောင်မှာပါ ၊ သက်ဆိုင်ရာမြို့နယ်တွေက လမ်း၊တံတား စာရင်းတွေကို ဦးစားပေးလုပ်ဆောင်ဖို့အတွက် စုစည်းနေပါတယ်။ ဌာနအတွက် မြို့နယ်အဆင့်ရုံး တည်ဆောက်နိုင်ဖို့အတွက် အလားတူဦးစားပေး တစ်စိတ်တစ်ပိုင်းအနေနဲ့ ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ် "ဟု တနင်္သာရီဒေသ၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဌာနမှူးဦးသက်ပိုင်က ပြောခဲ့သည်။

အထက်တွင် ဖော်ပြထားသည့် ဘတ်ဂျက်ငွေအား တနင်္သာရီဒေသကြီးရှိ ခရိုင်များကို ခွဲဝေချထားပေးမည် ဖြစ်သည်။ ထားဝယ်ခရိုင်ရှိ မြို့နယ်(၄)မြို့နယ်အတွက် ကျပ်(၁၁၃.၄)သန်း သုံးမည်ဖြစ်သည်၊ မြိတ်ခရိုင်ရှိ မြို့နယ်(၄)မြို့နယ်အတွက် ကျပ်(၄၃.၇)သန်း နှင့် ဒေသကြီးတောင်ပိုင်း ကော့သောင်းခရိုင်ရှိ မြို့နယ်(၂)မြို့နယ်အတွက် ကျပ်(၁၃.၃)သန်း အသုံးပြုမည်ဖြစ်သည်။

လမ်း၊တံတားနှင့် ရေရှိမှု ကနဦး ဆောင်ရွက်မှုပြုလုပ်ရန်အတွက် ဤ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း တနင်္သာရီဒေသ ခရိုင်တစ်ခုလုံး အသုံးပြုရန်အတွက် စုစုပေါင်းဘတ်ဂျက်ငွေ ကျပ်သန်းပေါင်း(၂၁၁.၉)သန်း ခွင့်ပြုပေးခဲ့သည်။

**Link:** http://www.myitmakhamedia.info/over-k170-million-injected-into-southern-myanmars-rural-infrastructure/

## မြေနှင့်ပစ္စည်းဥစ္စာ

### မြန်မာနိုင်ငံအရှေ့တောင်းပိုင်းတွင် သံယံဇာတများအတွက် လုပ်ရှားရုန်းကန်နေရခြင်း

Myanmar Times, 25 May 2016

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ တနင်္သာရီဒေသကြီးသည် သဘာဝသံယံဇာတများဖြင့် ပြည့်နှက်နေသော ဒေသဖြစ်ပြီး အခက်အခဲပြဿနာများလည်း ပြည့်နှက်နေသည်။

သီးခြားတည်ရှိသော ဒေသကြီးတွင်း နေထိုင်သူများသည် ပင်လယ်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆီသန့်စင်ခြင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်နှင့် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန် စသည့်ရည်ရွယ်ချက်ဖြင့် လုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီများ၏ သတ္တုတွင်း အလွန်အကျွံ တူးဖော်ခြင်းကို ရင်ဆိုင်နေရသည်၊



တနင်္သာရီသည် ပင်မဓာတ်အားလိုင်းကွန်ရက်နှင့် ချိတ်ဆက်ထားခြင်း မရှိပေ၊ ဒေသတွင်း နေထိုင်သူများနှင့် အရပ်ဖက် အဖွဲ့အစည်းများသည် လျှပ်စစ် တစ်ယူနစ်လျှင်(၆)ရာကျပ် ပေးဆောင်ရသောကြောင့် ရုံဖန်ရံခါ ဆန္ဒပြကြသည်၊ရန်ကုန်တွင် တစ်ယူနစ်လျှင် ငါးဆယ်ကျပ် ဖြစ်သည်။

ပုံမှန်အားဖြင့် တနင်္သာရီတွင် မီတာခသည် တစ်ယူနစ်လျှင် (၃၀၀)ကျပ်ဖြစ်ပြီး ပင်မ ဓာတ်အားလိုင်းကွန်ရက်အား ချဲ့တွင်ပေးမည်ဆိုပါက ပိုမို စျေးသက်သာလာမည် ဖြစ်သည်။ အခြားရရှိနိုင်သော နည်းလမ်းမှာ ထိုင်းနိုင်ငံမှ ဓာတ်ငွေ့ဝယ်ရန်ဖြစ်သည်။

ရေနံချက်စက်ရုံနှင့် မနီးမဝေးနေရာတွင် ကြီးမားသော နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုများကို လုပ်ကိုင်ရန်စီစဉ်နေပြီဖြစ်သည်။ ယင်းကဏ္ဍ၏ ဦးဆုံးဆောင်ရွက်မှုအနေဖြင့် ထားဝယ် အထူး စီးပွားရေး စက်မှုဇုန်သည် (၂၇)စတုရန်း ကီလိုမီတာ ထားရှိမည်ဖြစ်ပြီး နောက်ပိုင်းတွင် (၂၀၄.၅)စတုရန်းကီလိုမီတာထိ မြင့်တက်လာမည်ဟု ဒေသတွင်း လှုပ်ရှားသူများက ပြောခဲ့သည်။

ရွှေ့ပြောင်းခြင်း ခံရသည့် ယခင်မြေပိုင်ရှင်များအား ပေးအပ်သည့် လျော်ကြေးငွေပမာဏနှင့် မြေအရည်အသွေးတို့အပေါ် အငြင်းပွားမှုများ ရှိသော်လည်း ကျေးရွာ(၆)ရွာ ပြောင်းရွှေ့ရခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဇုံအပါအဝင် လူထုမြေများ၏ ဟက်တာ (၁၂၀၀၀)အတွက် ဒေသတွင်း နေထိုင်သူများအပေါ် လျော်ကြေးငွေ ပေးအပ်ရန် ကျပ်(၂၄၃) ဘီလီယမ် အသုံးပြုခဲ့သည်၊

“ဘယ်လိုရင်းနှီးမြှုပ်နှံမှုမျိုးကိုမဆို ဒေသတွင်း လူထုတွေအပေါ် သက်ရောက်မှုရှိတာကြောင့် သေသေချာချာ ထည့်သွင်းဖို့ လိုပါတယ်။ ဒီ SEZ နဲ့ပတ်သတ်ပြီး လျော်ကြေးပေးတာတွေ ကစနစ်တကျ စီမံခန့်ခွဲမှု မရှိပါဘူး။ နှစ်နာကြေးပေးမယ်ဆိုရင် သူတို့လဲ ပြန်လည် လုပ်ကိုင် စားသောက်လို့ ရတာပေ့ါ၊ ဒါမှမဟုတ်ရင် သူတို့ဘယ်လို နေထိုင်လို့ရတော့မလဲ"ဟု ဒေါ်လေးလေးမော်က ပြောခဲ့သည်၊ ပြဿနာတွေ မြင့်တက်တဲ့အပေါ် ထိုင်းကုမ္ပဏီတွေက အမျိုးမျိုးကွဲပြားတဲ့ သဘောထားတွေ ပြလာခဲ့ပါတယ် ” ဟုသူမကထပ်ပေါင်းပြောပြခဲ့သည်။

**Link:** http://www.mmtimes.com/index.php/business/20493-the-fight-for-resources-in-myanmar-s-deep-south.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

UNHCR
The UN Refugee Agency